**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

**သတင်းမီဒီယာများတွင် ပျံ့နှံ့နေသည့် KNDO မှ အရပ်သားများအား သတ်ဖြတ်ခဲ့သည် ဆိုသည့်**
**သတင်းနှင့် ပါတ်သက်သည့်**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ သတင်းထုတ်ပြန်ကြေငြာချက်**

ရက်စွဲ - ဇွန် (၁၆) ရက်၊ ၂၀၂၁ ခုနှစ်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်ရာဒေသဖြစ်သည့် ကရင်ပြည်နယ်၊ မြဝတီခရိုင်အတွင်းရှိ **ကနဲလေး-မောခီး** ကြားရှိ **အူးဟူ** ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အရပ်သား (၂၅)ဦး အား KNDO မှ ၂၀၂၁ ခုနှစ် မေလ(၃၁)ရက်နေ့တွင် သတ်ဖြတ်ခဲ့သည် ဟူ၍ သတင်းမီဒီယာများ၌ ဇွန်လ (၁၃)ရက်နေ့မှ စ၍ ပျံ့နှံ့ထွက်ပေါ်လျက်ရှိနေသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် လက်နက်ကိုင်တိုက်ခိုက်မှုများအတွင်း အရပ်သားများတို့ကို သတ်ဖြတ်သည့် ဖြစ်စဉ်များတို့ကို လက်ခံနိုင်ခြင်းမရှိသည့် Geneva Convention ကို လိုက်နာပြီး ထိုကဲ့သို့သော ကိစ္စရပ်များနှင့်ပါတ်သက်၍လည်း မိမိတို့၏ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ အရေးယူမှုများ ပြုလုပ်ရန် သတ်မှတ်ချက်များ ရှိပါသည်။

ထို့ကြောင့် ဤအဖြစ်မှန်ပေါ်ပေါက်ရေးအတွက် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး(ဗဟို) မှနေ၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းကာ စုံစမ်းစစ်ဆေးသွားမည်ဖြစ်ပြီး ရရှိလာသော စုံစမ်းစစ်ဆေးမှု ရလဒ်အား ဆက်လက်၍ အသိပေးထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဆက်သွယ်ရန်-
(၁) ပဒိုစောကွယ်ထူးဝင်း (+၉၅ ၉၄၂ ၂၁၉ ၁၉၄၁)၊ (+၆၆ ၈၁၈ ၀၇၆ ၂၇၉)
(၂) ပဒိုစောတာဒိုမူး (+၉၅ ၉၇၉ ၅၈၈ ၇၀၈၅) ၊ (+၆၆ ၆၄၆ ၄၅၉ ၁၁၃)